သတင်းထုတ်ပြန်ချက်

ဈေးကွက်အတွက် အရေးပါသည့် အချက်အလက်များ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၀၇၀၀ (**UTC** ၀၀၃၀) နာရီအထိ တားမြစ်ထားသည်

# S&P Global အာဆီယံ ထုတ်လုပ်မှု PMI®

## အာဆီယံ ထုတ်လုပ်မှု ကဏ္ဍသည် ဒီဇင်ဘာလတွင် အကျုံးနယ်ပယ်ထဲသို့ ပြန်ဆင်းသွားခြင်း

### အဓိကတွေ့ရှိချက်များ

အာဆီယံ ထုတ်လုပ်မှု PMI သည် ၄၉.၇ သို့ လျှော့ဆင်းသွားခြင်း

အော်ဒါအသစ်များမှာ ၂၈ လအတွင်း အမြန်ဆုံး နှုန်းဖြင့် ကျဆင်းသွားခြင်း

ထုတ်လုပ်မှု ကြီးထွားလာမှု အရှိန် ကျဆုံးလာခြင်း

ဒေတာကို ဒီဇင်ဘာ ၀၆-၁၈ ရက်တွင် စုစည်းခဲ့သည်

PMI ဒေတာအရဆိုပါက အာဆီယံ ထုတ်လုပ်ရေး ကဏ္ဍသည် အားပျော့သည့် အနေအထားဖြင့် ယခုနှစ်ကို အဆုံးသတ်လိုက်သည်။ အဓိက အညွှန်းကိန်းသည် ဒီဇင်ဘာလအထိ လေးလအတွင်းမှာ သုံးလတွင် အကျုံးဘက် နယ်ပယ်ထဲသို့ လျှော့ဆင်းသွားခဲ့ခြင်းမှာ မှတ်သားစရာ ဖြစ်ပါသည်။ လုပ်ကိုင်မှု အခြေအနေများ ဆုတ်ယုတ်လာမှုအတွက် အဓိကမှာ အော်ဒါအသစ်များ ကျဆင်းမှု မြန်လာခြင်း ဖြစ်သည်။ အလုပ်သစ်များ ရရှိမှု ကျဆင်းလာသည်မှာ ဒီဇင်ဘာလတွင် လေးလမြောက် ဆက်တိုက် ဖြစ်လာလျက် ထိုအချက်က ထုတ်လုပ်မှု တိုးမြှင့်မရအောင် ဖိစီးခဲ့သည်။

မည်သို့ပင်ဖြစ်စေ အလုပ်သမားများ ငှားရမ်းမှု ပြန်လည်တက်ကြွလာခြင်းမှာ ယင်းကဏ္ဍအတွက် အားအရစရာ အချက်ဖြစ်သည်။ အလုပ်သမား ဦးရေမှာ လေးလအတွင်း ပထမအကြိမ် တိုးလာခဲ့ခြင်း ဖြစ်သော်လည်း မသိမသာမျှသာ တိုးခဲ့သည်။

အဓိကအကျဆုံး S&P Global အာဆီယံ ထုတ်လုပ်မှု *ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း(PMI®)* သည် နိုဝင်ဘာလ၏ ၅၀.၀ မှ ဒီဇင်ဘာလတွင် ၄၉.၇ သို့ ကျဆင်းသွားလျက် အာဆီယံ ထုတ်လုပ်ရေး ကဏ္ဍ၏ အခြေအနေမှာ လွန်ခဲ့သည့် လေးလအတွင်း တတိယအကြိမ်မြောက် ဆုတ်ယုတ်လာမှုကို ညွှန်ပြနေသည်။ သို့သော်လည်း ကျဆင်းခဲ့သည့် နှုန်းမှာမူ ဒသမဂဏန်းမျှသာ ဖြစ်ခဲ့သည်။


လက်ရှိဒေတာက စောင့်ကြည့်နေသည့် အာဆီယံ ခုနစ်နိုင်ငံအနက် လေးနိုင်ငံက ထုတ်လုပ်မှု အခြေအနေများ အားပျော့လာကြောင်း ထောက်ပြခဲ့ကြသည်။ မြန်မာနိုင်ငံသည် ဒီဇင်ဘာလ၏ အဆင့်သတ်မှတ်ရေး ဇယားထဲတွင် အောက်ဆုံးမှာ ရှိနေခဲ့ပြီး ကိန်းဂဏန်းအရ အထင်ရှားဆုံး ကျဆင်းမှုကို မှတ်တမ်း တင်ခဲ့သည်။ သက်ဆိုင်ရာ အဓိကအကျဆုံး အညွှန်းကိန်းသည် ဒီဇင်ဘာလတွင် တစ်နှစ်အတွက် အနိမ့်ဆုံး ၄၂.၉ သို့ နိမ့်ဆင်းသွားသည်။

ထိုင်းနိုင်ငံတွင် ထုတ်လုပ်မှု ကဏ္ဍ အခြေအနေများ ဆိုးဝါးလာခဲ့ပြီး လွန်ခဲ့သည့် ငါးလအတွင်း လစဉ် ကျဆင်းမှုကို မှတ်တမ်းတင်ခဲ့ကြသည်။ ၄၅.၁ တွင် ရှိနေသော အဓိကအကျဆုံး အညွှန်းကိန်းသည် ပြင်းထန်သည့် ဆုတ်ယုတ်မှု နှုန်းကို အချက်ပြလိုက်ပြီး သုံးနှစ်ခွဲ အတွင်းမှာ အမြန်ဆုံး ဖြစ်လာသည်။

မလေးရှားနိုင်ငံသည်လည်း ၎င်း၏ ကုန်စည် ထုတ်လုပ်ရေး ကဏ္ဍ အခြေအနေ ကျဆင်းလာခဲ့ကြောင်းကို ဒီဇင်ဘာလတွင် အစီရင်ခံခဲ့သည်။ သက်ဆိုင်ရာ PMI အညွှန်းကိန်း၏ တန်ဖိုး ၄၇.၉ မှာ နိုဝင်ဘာလအတိုင်း မပြောင်းမလဲ ရှိနေပြီး လက်ရှိ အကျုံးဘက် အစဉ်ကို ၁၆ လသို့ ဆွဲဆန့်ပေးလိုက်သည်။ ယင်းအတောအတွင်း ဗီယက်နမ်တွင် ကျဆင်းမှုမှာ အသင့်အတင့် ဖြစ်လာလျက် PMI သည် ဒီဇင်ဘာလတွင် ၄၈.၉ သို့ မြင့်တက်သွားသည်။

**S&P Global အာဆီယံ ထုတ်လုပ်မှု PMI**

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်- S&P Global PMI

လုပ်ကိုင်မှု အခြေအနေများ တိုးတက်လာကြောင်း အစီရင်ခံခဲ့ကြသည့် နိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်လုပ်မှု တိုးလာသည့် နှုန်းမှာ အနှေးဆုံး ဖြစ်ခဲ့သည်။ သက်ဆိုင်ရာ PMI သည် သုံးလအတွင်း အနိမ့်ဆုံး ၅၁.၅ သို့ လျှော့ဆင်းသွားခဲ့ရာ ခြုံကြည့်လျှင် အသင့်အတင့် ဖြစ်သော တိုးတက်မှုနှုန်းကို ညွှန်ပြနေသည်။

ကျန်ရှိနေသည့် နှစ်နိုင်ငံ ဖြစ်ကြသော စင်ကာပူ (၅၂.၀) နှင့် အင်ဒိုနီးရှား (၅၂.၂) နိုင်ငံတို့ရှိ ထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်းမှာ အလားတူ တိုးထုတ်လုပ်မှု နှုန်းများကို တွေ့မြင်ခဲ့ရသည်။ ထို့အပြင် နှစ်နိုင်ငံတို့၏ တိုးထုတ်လုပ်မှု နှုန်းအသီးသီးမှာ ခြောက်လနှင့် သုံးလအတွင်း အားအကောင်းဆုံး ဖြစ်ခဲ့သည်။

ဒေသတစ်ဝန်းတွင် ဈေးဝယ်များဘက်မှ ဝယ်လိုအား ဒီဇင်ဘာလတွင် ရှေ့ဆက် ဆုတ်ယုတ်လာခဲ့ခြင်းမှာ အာဆီယံ ထုတ်လုပ်ရေး ဆိုင်ရာ အဓိကအကျဆုံး PMI အညွှန်းကိန်း အပေါ်သို့ ဖိစီးခဲ့သည်။ ဒေသတစ်ဝန်းမှာ လုပ်ငန်းအသစ် ရရှိမှုသည် ယခုအထိ လွန်ခဲ့သည့် လေးလအတွင်း လစဉ်လတိုင်း ကျဆင်းလာခဲ့သည်။ အသင့်အတင့် ဖြစ်ခဲ့သော်လည်း ကျဆင်းမှု အရှိန်မှာ ၂၀၂၁ ခုနှစ် ဩဂုတ်လမှစပြီး အမြန်ဆုံး ဖြစ်လာသည်။ ဝယ်လိုအား အခြေအနေများမှာ နိုင်ငံတကာ ဈေးကွက်များတွင်ပါ အားပျော့နေခဲ့ပြီး ပြည်ပတင်ပို့ရေး လုပ်ငန်းသစ်များသည်လည်း ဒီဇင်ဘာလတွင် ထပ်မံကျဆင်းလာခဲ့သည်။ အကျိုးဆက်အဖြစ် စက်ရုံ ထုတ်လုပ်မှု ကြီးထွားလာမှုသည် အားပျော့လာခဲ့ပြီး လက်ရှိ ဦးမော့မှုမှာ ၂၇-လကြာ လက်ရှိ တိုးထုတ်လုပ်မှု ကာလထဲက အနှေးဆုံး ဖြစ်လာသည်။

ဝယ်လိုအား ပြန်အားပျော့သွားခဲ့သည့်တိုင်အောင် ကုမ္ပဏီများသည် မိမိတို့၏

PMI®
by S&P Global

Copyright © 2024 S&P Global

# သတင်း ထုတ်ပြန်ချက်

ဝယ်ယူရေး လုပ်ငန်းများကို နှစ်လဆက်တိုက် တိုးမြှင့်ခဲ့ကြသော်လည်း မသိမသာဖြစ်ခဲ့သည်။ ဝယ်ယူမှုများ တိုးလာခြင်းက ထုတ်လုပ်မှုအကြို ထည့်ကုန်များ သိုလှောင်ထားမှုမှာ ဒီဇင်ဘာလတွင် အဓိကအားဖြင့် မပြောင်းလဲခဲ့ခြင်းကို ဆိုလိုခြင်းဖြစ်ပြီး သုံးလကြာခဲ့သည့် ကုန်ခမ်းမှု ကာလကို အဆုံးသတ်လိုက်ပါသည်။

ယင်းတစ်တချိန်တည်းမှာပင် ထုတ်လုပ်မှုကဏ္ဍထဲက အလုပ်နေရာများကို ပြန်လည်တိုးခန့်လာခဲ့ကြရာ ကုမ္ပဏီများက မိမိတို့၏ ဝန်ထမ်း ဦးရေကို တိုးချဲ့လာကြသည်မှာ လေးလအတွင်းတွင် ပထမဆုံးအကြိမ် ဖြစ်လာပါသည်။ အလုပ်နေရာသစ် ဖန်တီးပေးခဲ့သည့် နှုန်းမှာမူ ခြုံကြည့်လျှင် မသိမသာသော်လည်း ၁၄ လအတွင်းမှာ အထင်ရှားဆုံး ဖြစ်လာပါသည်။


လက်ကျန် အလုပ်များ၏စာရင်းများ ခြောက်လ ဆက်တိုက် ကုန်ခမ်းလာမှုကို ကြည့်ရခြင်းအားဖြင့် စက်မှုကဏ္ဍ တစ်ဝန်းတွင် ထုတ်လုပ်မှု စွမ်းအားများ ပိုလျှံနေသည့် လက္ခဏာများကိုလည်း တွေ့မြင်နိုင်သည်။ ကျဆင်းမှု နှုန်းသည် ခြုံပြောရလျှင် ဒသမဂဏန်းမျှ ရှိခဲ့သော်လည်း အထက်ပါ အစဉ်ထဲတွင် အားအပျော့ဆုံး ဖြစ်ပါသည်။

ဈေးနှုန်းများကို လေ့လာကြည့်လျှင် ထည့်ကုန်များအတွက် ကုန်ကျစရိတ်များရော ထုတ်လုပ်မှု စရိတ်စကများပါ ဒီဇင်ဘာလတွင် မြင့်တက်လာခဲ့သည်။ သို့သော်လည်း ထည့်ကုန် ဈေးနှုန်းများ၏ ငွေကြေး ဖောင်းပွလာမှုသည် ရှစ်လအတွင်း အမြင့်ဆုံးဖြစ်လာချိန်မှာ ရောင်းဈေးများ တိုးလာမှုမှာမူ အသင့်အတင့်သာ ရှိခဲ့ပြီး နိုဝင်ဘာလနှင့် စာလျှင် မပြောင်းလဲခဲ့ပါ။ မည်သို့ပင် ဖြစ်စေကာမူ ယင်းနှစ်ခုစလုံးအတွက် ဈေးနှုန်းများ၏ ငွေကြေး ဖောင်းပွမှုနှုန်းများသည် သမိုင်းထဲတွင် အားပျော့လျက် ရှိနေပါသည်။

အနာဂတ်ဆီသို့ လှမ်းမျှော်ကြည့်ရာတွင် အာဆီယံ ထုတ်လုပ်သူတို့အကြား လာမည့် ၁၂-လအတွက် လုပ်ငန်းများ၏ ယုံကြည်မှုဆိုင်ရာ မျှော်မှန်းချက်မှာ ဒီဇင်ဘာလတွင် အားပျော့သွားသည်။ ထို့ထက်ပိုပြောရလျှင် သက်ဆိုင်ရာ အညွှန်းကိန်းကို စစ်တမ်း ပျမ်းမျှ၏ အောက်တွင် မှတ်တမ်း တင်ခဲ့သည်မှာ ဆယ့်လေးလ ဆက်တိုက် ဖြစ်လာသည်။

**ထုတ်လုပ်မှု PMI**

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်- S&P Global PMI

အာဆီယံ ကုန်ထုတ်လုပ်မှု PMI ဒေတာကို သုံးသပ်လျက် S&P Global Market Intelligence မှ စီးပွားရေးပါရဂူ Maryam Baluch ပြောကြားသွားသည်မှာ-

*"အာဆီယံ ထုတ်လုပ်ရေးကဏ္ဍဟာ နောက်ဆုံးလများ အတွင်းမှာ အားပျော့လာခဲ့ပြီး အဓိကအကျဆုံး PMI အညွှန်းကိန်းမှာ ဒီဇင်ဘာလတွင် အကျဘက် နယ်မြေထဲသို့ ပြန်လျှောဆင်းသွားခဲ့တယ်။ အဲဒီလို ဆုတ်ယုတ်လာမှုအတွက် အဓိက တွန်းအားက အော်ဒါအသစ်များ ကျဆင်းလာမှု နက်ရှိုင်းလာနေခြင်းဖြစ်ပြီး အဘက်ဘက်မှ ဝယ်လိုအား အခြေအနေများ အားပျော့လာနေတာကို ထောက်ပြနေပါတယ်။ အလုပ်အသစ်များ ရရှိမှု ကျဆင်းလာတာ အသင့်အတင့် ဖြစ်ခဲ့ပေမဲ့ နှစ်နှစ်ခွဲနီးပါး အတွင်းမှာ အထင်ရှားဆုံး ဖြစ်နေပါတယ်။ လုပ်ငန်း အသစ်များ ရရှိမှု ပုံမှန် ကျဆင်းလာနေခြင်းက ထုတ်လုပ်မှု တိုးချဲ့ရေးကို နှေးလာစေနေပြီး ထုတ်လုပ်မှုဟာ ဒသမဂဏန်းမျှသာ တိုးမြင့်လာခဲ့လျက် ၂၇ လအတွင်းမှာ အားအပျော့ဆုံး နှုန်းဖြစ်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အပြုသဘော သတင်းအဖြစ် ကုမ္ပဏီများဟာ သူတို့ရဲ့ ဝန်ထမ်း ဦးရေကိုရော ဝယ်ယူမှုများကိုပါ မသိမသာ တိုးချဲ့ဖို့ စဉ်းစားနေကြတာကို ဖေါ်ပြပေးချင်ပါတယ်။*

*"မကြာမီက အာဆီယံ ထုတ်လုပ်ရေးကဏ္ဍရဲ့ ကျဆင်းမှုဟာ ခြုံကြည့်လျှင် အသင့်အတင့်သာ ဖြစ်ပေမဲ့၊ ဝယ်လိုအား အခြေအနေများ အားပျော့လာနေကြောင်း လက္ခဏာများ တိုးမြင်လာရမှုက ၂၀၂၄ ခုနှစ်ဆီသို့ ရှေ့ရှုရာတွင် ထုတ်လုပ်မှုထဲမှာ ဖြတ်တောက်မှု အသစ်များကို မြင်တွေ့လာရမှာ စိုးရပါတယ်။ ဒေသတဝန်း ထုတ်လုပ်သူများက လာမယ့်နှစ်ထဲမှာ ထုတ်လုပ်မှု တိုးလာရေးကို ပံ့ပိုးပေးနိုင်ဖို့အတွက် အော်ဒါအသစ်များ တိုးပြီးရလာမှာကို မျှော်လင့်လျက် ရှိနေကြမှာပါ။"*

-ပြီးဆုံး-



Copyright © 2024 S&P Global

# သတင်း ထုတ်ပြန်ချက်

ဆက်သွယ်ရန်

**S&P Global Market Intelligence**
Maryam Baluch
စီးပွားေရးပါရဂူ
Telephone +44-12-4432-7213
Email: maryam.baluch@spglobal.com

**S&P Global Market Intelligence**
SungHa Park
Corporate Communications
Telephone +82 2 6001 3128
Email sungha.park@spglobal.com

## တွက်ချက်နည်း

S&P Global အာဆီယံ ထုတ်လုပ်မှု PMI® ကို S&P Global သည် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများရှိ ထုတ်လုပ်သူ စုစုပေါင်း ၂၁၀၀ ခန့်ပါဝင်သည့် အဖွဲ့များမှ ထည့်ကုန်ဝယ်ယူရေး မန်နေဂျာများထံ ပို့ပေးသည့် မေးခွန်းလွှာများအတွက် ရရှိခဲ့သည့် ဖြေကြားချက်များကို အခြေခံ တွက်ချက်ပါသည်။ ထိုနိုင်ငံများသည် အာဆီယံ ထုတ်လုပ်မှု ထပ်တိုး တန်ဖိုး*၏ ၉၈%အထိကို ထုတ်လုပ်ပေးကြသည်။ အဖွဲ့များကို GDP အား ထောက်ပံ့မှုကို အခြေခံပြီး အသေးစိတ်ကဏ္ဍနှင့် လုပ်သားအင်အား ပမာဏ အမျိုးမျိုး ပါဝင်အောင် ရွေးခဲ့သည်။

စစ်တမ်းအတွက် ဖြေကြားချက်များကို လစဉ် ဒုတိယ လဝက်ပိုင်းမှာ ကောက်ခံခြင်းဖြစ်ပြီး ယခင်လနှင့်နှိုင်းယှဉ်ပြီး ပြောင်းလဲမှုကို ညွှန်ပြပါသည်။ နိုင်ငံအလိုက် အဆင့်ဖြင့် စစ်တမ်း၏ ကိန်းရှင်တိုင်း အတွက် ပျံ့နှံ့မှု အညွှန်းကိန်းကို တွက်ချက်ပါသည်။ အညွှန်းကိန်းမှာ 'ပိုမြင့်သည့်' ဖြေကြားချက်များ၏ ရာခိုင်နှုန်းနှင့် 'အပြောင်းအလဲမရှိ' ဟု ဖြေခဲ့ကြသူတို့၏ ရာခိုင်နှုန်း တစ်ဝက်ကို စုပေါင်းမှု ဖြစ်ပါသည်။ အညွှန်းများမှာ ၀ နှင့် ၁၀၀ အကြား ရှိနိုင်ပြီး ၅၀ အထက်တွင် ရှိနေပါက ခြုံပြောရလျှင် ယခင်လထက် တိုးတက်မှုကို ပြပြီး၊ ၅၀ အောက် ဆိုပါက ခြုံကြည့်လျှင် ကျဆင်းမှုကို ညွှန်ပြပါသည်။ ယင်းနောက်မှာ အညွှန်းကိန်းများကို ရာသီအလိုက် ညှိပေးရပါသည်။ အာဆီယံ အညွှန်းကိန်းများကို နိုင်ငံများအလိုက် အညွှန်းကိန်းများကို အလေးချိန်ထည့်တွက်လျက် တွက်ယူပါသည်။ နိုင်ငံများအလိုက် အလေးချိန်များကို နှစ်စဉ် ထုတ်လုပ်မှု ထပ်ပေါင်း တန်ဖိုးများ*မှ တွက်ယူပါသည်။

အဓိကအကျဆုံး အညွှန်းကိန်းမှာ ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း Purchasing Managers' Index™ (PMI) ဖြစ်ပါသည်။ PMI မှာ အောက်ပါ အညွှန်းကိန်း ငါးခုတို့၏ ချိန်ဆတွက်ထားသည့် ပျမ်းမျှဂဏန်း ဖြစ်သည်- အော်ဒါသစ်များ (၃၀%)၊ ထုတ်လုပ်မှု (၂၅%)၊ အလုပ်နေရာ (၂၀%)၊ ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ (၁၅%) နှင့် သိုလှောင်ထားသည့် ထည့်ကုန်များ (၁၀%)။ PMI ကို တွက်ချက်နိုင်ရန် ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ အညွှန်းကို အခြား အညွှန်းကိန်းများနှင့် ယှဉ်ရနိုင်အောင် ဦးတည်ချက်ကို ပြောင်းပေးထားပါသည်။

ကောက်ယူထားသည့် စစ်တမ်း ဒေတာကို ထုတ်ပြန်မှု နောက်ပိုင်းတွင် ပြန်လည် ပြင်ဆင်ခြင်း မရှိသော်လည်း ရာသီအလိုက် ညှိပေးရမည့် အချက်များကိုမူ အချိန်အခါအလိုက် ညှိပေးနိုင်သောကြောင့် ရာသီအလိုက်ညှိထားသည့် စစ်တမ်း ဒေတာများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

PMI စစ်တမ်းကို တွက်ချက်နည်းဆိုင်ရာ နောက်ထပ် အချက်အလက်များ အတွက် ကျေးဇူးပြုပြီး economics@spglobal.com သို့ ဆက်သွယ်ပါ။

*ရင်းမြစ်- World Bank World Development Indicators.

### S&P Global (NYSE: SPGI)

S&P Global သည် အရေးပါသည့် အချက်အလက်များကိုပေးပါသည်။ အစိုးရများ၊ စီးပွားရေး လုပ်ငန်းများ နှင့် လိုအပ်သူများအတွက် ကျွန်ုပ်တို့သည် မှန်ကန်သည့် ဒေတာ၊ ကျွမ်းကျင်မှုများ နှင့် ဆက်စပ် နည်းပညာကို တပ်ဆင်ပေးလျက် ယုံကြည်စိတ်ချရသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ထောက်ကူပေးပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူတို့အား ရင်းနှီးမြှုပ်နှံမှုအသစ်များကို စိစစ်တန်ဖိုးဖြတ်နိုင်ရန် ကူညီပေးမှုမှအစ ESG နှင့် ပစ္စည်းပေးသွင်းရေး ကွင်းဆက်များတစ်ဝန်းမှာ စွမ်းအင်ကို ပုံစံပြောင်းပေးရာတွင် ၎င်းတို့အား လမ်းညွှန်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အခွင့်အလမ်း အသစ်များကို ဖွင့်ထုတ်ပေးရင်း စိန်ခေါ်မှုများကို ဖြေရှင်းလျက် ကမ္ဘာကြီးအတွက် တိုးတက်မှုအရှိန်ကို တိုးမြှင့်ပေးကြပါသည်။

နိုင်ငံတကာ အရင်းအနှီး၊ ကုန်စည်နှင့် မော်တော်ယာဉ် ဈေးကွက်များတွင် ယုံကြည်စိတ်ချရမှု အဆင့်သတ်မှတ်ချက်များ၊ စံညွှန်းများ၊ ဆန်းစစ်လေ့လာမှုများနှင့် လုပ်ငန်းစီးဆင်းမှုဆိုင်ရာ ဖြေရှင်းနည်းများအတွက် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်း အများအပြားတို့က ကျွန်ုပ်တို့အား ရှာဖွေ ချဉ်းကပ်ကြရပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ကမ်းလှမ်းချက်တိုင်းဖြင့် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်းများအား အနာဂတ်အတွက်၊ ပစ္စုပ္ပန်အတွက် စီမံရေးဆွဲနိုင်ရန် ထောက်ကူပေးကြပါသည်။

S&P Global သည် S&P Global Ltd. နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများက မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်ဖြစ်သည်။ ကျန် အခြားသော ကုမ္ပဏီနှင့် ထုတ်ကုန် အမည်များသည် ၎င်းတို့၏ သက်ဆိုင်ရာ ပိုင်ရှင်များ၏ ကုန်အမှတ်တံဆိပ်များ ဖြစ်နိုင်ပါသည် © 2024 S&P Global Ltd. မူပိုင်ခွင့် အားလုံးကို ထိန်းချုပ်ထားသည်။ www.spglobal.com

## PMI အကြောင်း

Purchasing Managers' Index™ (PMI®) စစ်တမ်းများကို ယခုအခါ နိုင်ငံပေါင်း ၄၀ ကျော်အပြင် ယူရိုဇုန်အတွင်းရှိ အထင်ကရ ဒေသများ အတွက်ပါ ထုတ်ပြန်ပေးနေပါသည်။ ၎င်းတို့မှာ ကမ္ဘာပေါ်တွင် အနီးကပ်ဆုံး စောင့်ကြည့်လေ့လာလျက်ရှိသည့် လုပ်ငန်းဆိုင်ရာ စစ်တမ်းများ ဖြစ်ကြပြီး ၎င်းတို့၏ စီးပွားရေးအတွက် ထူးခြားသည့် အလားအလာများဆိုင်ရာ လစဉ် အညွှန်းကိန်းများကို နောက်ဆုံး အချက်အလက်များနှင့်အညီ တိကျစွာ ညွှန်ပြပေးနိုင်စွမ်းကြောင့် ဗဟိုဘဏ်များ၊ ဘဏ္ဍာရေး ဈေးကွက်များနှင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးကြသူတို့ အားကိုးကြရပါသည်။ ပိုပြီး လေ့လာလိုလျှင် www.spglobal.com/marketintelligence/en/mi/products/pmi မှာ ဝင်ကြည့်ပါ။

S&P Global ၏သတင်းထုတ်ပြန်ချက်များကို သင်သည် ရယူရန်မလိုလားပါက ကျေးဇူးပြု၍ sungha.park@spglobal.com သို့ ဆက်သွယ်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှု မူဝါဒကို ဖတ်ကြားရန် ဤနေရာတွင် နှိပ်လိုက်ပါ။

ဤနေရာတွင် ဖော်ပြထားသည့် ဒေတာ၏ ဉာဏပစ္စည်း ပိုင်ဆိုင်မှု မူပိုင်ခွင့်များကို S&P Global နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများမှ ပိုင်ဆိုင်သည် သို့မဟုတ် လိုင်စင်ရထားသည်။ S&P Global ထံမှ ကြိုတင် ခွင့်ပြုချက် မရယူဘဲ ဖော်ပြပါ ဒေတာကို မိတ္တူကူးခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုမှု အပါအဝင်ကို၊ ၎င်းင်းတို့ဖြင့်သာ ကန့်သတ်ထားခြင်း မရှိဘဲ၊ တားမြစ်သည်။ ဤနေရာတွင် ပါရှိသည့် အကြောင်းအရာ သို့မဟုတ် အချက်အလက်များ ("ဒေတာ") အတွက်၊ ဒေတာထဲက အမှားများ၊ မတိကျမှုများ၊ ချန်လှပ်မှုများ သို့မဟုတ် ကြန့်ကြာမှုများ အတွက်၊ ၎င်းတို့နှင့် ဆက်စပ်ပြီး လုပ်ဆောင်ချက် တစ်ခုခု အတွက်၊ S&P Global ဘက်မှ မည်သို့မှ တာဝန်ခံမှု၊ တာဝန်ယူမှု သို့မဟုတ် ကတိပေးမှု မရှိပါ။ ဒေတာကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အထူး၊ တိုက်ဆိုင်လျက် သို့မဟုတ် အကျိုးဆက်အဖြစ် နစ်နာမှုများ အတွက် မည်သည့်နည်းနှင့်မျှ S&P Global မှ တာဝန် မယူနိုင်ပါ။ Purchasing Managers' Index™ နှင့် PMI® မှာ S&P Global Inc ၏ ကုန်အမှတ်တံဆိပ်များ၊ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်များ ဖြစ်သည် သို့မဟုတ် S&P Global Inc နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများက လိုင်စင်ရထားသည်။

This ဤအကြောင်းအရာကို ထုတ်ပြန်ခဲ့သည်မှာ S&P Global Market Intelligence ဖြစ်ပြီး S&P Global မှ သီးခြား စီမံခန့်ခွဲပေးသည့် ဌာနခွဲဖြစ်သော S&P Global Ratings မဟုတ်ပါ။ မည်သည့် အချက်အလက်၊ ဒေတာ သို့မဟုတ် ဖော်ပြချက်၊ အဆင့်သတ်မှတ်ချက်များ ("မာတိကာ")အား တစ်နည်းနည်းဖြင့် ကူးယူဖော်ပြမှုကို၊ သက်ဆိုင်သူထံမှ ကြိုတင်ပြီး စာရေးခွင့်ပြုထားခြင်းမှအပ၊ တားမြစ်သည်။ ယင်းကဲ့သို့သော အဖွဲ့အစည်း၊ ၎င်းတို့၏ အဖွဲ့ခွဲများ နှင့် ပစ္စည်းပေးသွင်းသူများ ("အကြောင်းအရာများကို စီမံပေးသူများ")က မည်သည့် အကြောင်းအရာ၏ တိကျမှု၊ မှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်နှင့်ကိုက်ညီမှု သို့မဟုတ် ရရှိနိုင်မှုကို အာမမခံနိုင်ဘဲ မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ (ပေါ့ဆလျက် သို့မဟုတ် အခြားအကြောင်းကြောင့် ဖြစ်စေ) အမှား သို့မဟုတ် ချန်လှပ်ခဲ့မှု တစ်ခုခုအတွက် သို့မဟုတ် ထိုအကြောင်းအရာကို အသုံးပြုမှုမှ ပေါ်ထွန်းလာသည့် ရလဒ်များ အတွက် တာဝန်မယူနိုင်ပါ။ မည်သည့် အခြေအနေမျိုးတွင်မှ အကြောင်းအရာကို အသုံးပြုမှုနှင့် ဆက်စပ်ပြီး မည်သည့် နစ်နာမှုများ၊ ကုန်ကျမှုများ၊ စရိတ်စကများ၊ တရားဝင် အခနွန်းများ သို့မဟုတ် ဆုံးရှုံးမှုများ (ဝင်ငွေ ဆုံးရှုံးမှုများ သို့မဟုတ် အမြတ်အစွန်း ဆုံးရှုံးမှုများ နှင့် အခွင့်အလမ်း ဆိုင်ရာ ကုန်ကျမှုများ အပါအဝင်) အတွက် အကြောင်းအရာကို စီမံပေးသူတို့သည် တာဝန်မရှိနိုင်ပါ။

PMI

by S&P Global

Copyright © 2024 S&P Global